# ခြေရာတစ်တောင်
# မောင်မဲခေါင်

သုံးဆယ်ထိ၌တင်မြင့်

# ခြေရာတစ်တောင် မောင်မဲခေါင်

သုံးဆယ်ထိဋ္ဌတင်မြင့်

မြန်မာ့သမိုင်းတစ်လျှောက်တွင် သူရဲကောင်းအထိုထို၊ အာဇာနည်အလျှိုလျှိုတို့အနက် ခြေရာတစ်တောင် မောင်မဲခေါင်သည် မြန်မာ့သူရဲကောင်းမှတ်တမ်းဝင် တစ်ဦးဖြစ်သည်။

ပုဂံခေတ်တွင် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသော ပုဂံသူရဲကောင်းများ၏အရည်အသွေးကို သိကြပြီးဖြစ်သည်။ သို့သော် သာယာဝတီက ခြေရာတစ်တောင် မောင်မဲခေါင်၏ဘဝနှင့်အကျိုးဆောင်ရွက်ချက်များကိုတော့ သိသူနည်းပါးမည်ဖြစ်သည်။

မောင်မဲခေါင်၏ဇာတ်လမ်းက သာယာဝတီမြို့မှ နိဒါန်းစခဲ့သည်။ သာယာဝတီဟူသည်မှာ ဦးကုလားမဟာရာဇဝင်အရ တာပေါင်း(၈၈၀)ဖြင့် တည်ခဲ့သောကြို့ပင်ကောက်မြို့၏အရှေ့ ၁၀ ခန့်အကွာမှ သာယာဝတီဖြစ်သည်။ ကျောက်စာ၊ အုတ်ခွက်စာ၊ စဉ့်ကွင်းစာ စသည်ဖြင့် သေချာစွာ အမှတ်အသား မတွေ့ရသော်လည်း မြို့ရိုးမြို့တားကျုံးမြောင်း ဥယျာဉ် သမိုင်းဝင်စေတီဘုရားတို့၏အထောက်အထားအရ သိနိုင်ပါသည်။

ထိုသာယာဝတီမြို့တော်ကို သတိုးနော်ရထာခေါ် သုံးမြို့ရှင်ဘုရင် တည်ခဲ့ကြောင်း ဆိုကြသည်။ ပုဂံခေတ်နှောင်းတွင် အကြောင်းအမျိုးမျိုးကြောင့် သတိုးနော်ရထာ ညီတော်နှင့်နှမတော်တို့သည် နောက်လိုက်ဗိုလ်ပါ ခြွေရံသင်းပင်းတို့နှင့်အတူ သာယာဝတီတည်မည့်နေရာသို့ စုန်ဆင်းလာကြသည်။ သတိုးနော်ရထာအဖွဲ့တွင် ပုဏ္ဏားတော်ပညာရှိဒေါဏပုဏ္ဏား၊ အမတ်ပညာရှိအမိတ္တောဒနတို့ပါဝင်ကြသည်။ ရေမြေအနေအထားရွေးချယ်၍ ယခုကြို့ပင်ကောက်အရှေ့မြို့တွင်းနေရာတွင် သာယာဝတီမြို့ကို တည်သည်။

သတိုးနော်ရထာ၏အမိတ္တောဒနအမတ်သည် လုလင်ရွယ်လူး လက်ရုံးနှလုံးရည် ထူးချွန်သူဖြစ်သည်။ သာယာဝတီမင်း၏လက်ရုံးတစ်ဆူလည်း ဖြစ်သည်။ ဓားရေး၊ လှံရေး၊ ဆင်စီး၊ မြင်းစီးမှစ၍ စစ်ရေးစစ်ရာ၌ ကျွမ်းကျင်သည်။ သာယာဝတီမြို့နန်း တည်ထောင်ဖန်ဆင်းရာတွင် နန်းတွင်းနန်းပြင် ပြည်သူတို့လေးစားအားကိုးကြည်ညိုခြင်း ခံရသည်။ သတိုးနော်ရထာဘုရင်ကိုယ်တော်တိုင်က အရေးကုန် လွှဲအပ်ခြင်းခံရသူ ဖြစ်သည်။ ရုပ်ရည်ရူပကာယမှာလည်း ယောကျ်ားကောင်းအာဇာနည်တို့၏ဥပမိရုပ်အသွင် ဖြစ်သည်။ တစ်ကယ်တော့ လူချောတစ်ယောက်တည်း။

သာယာဝတီမင်းနေပြည်တော်ကို တည်ဆောက်၍ ပြီးလုနီးပါးအချိန်၌ ပြဿနာတစ်ရပ် ပေါ်လာသည်။ တိုင်းရေးပြည်ရေး လုံးပမ်းနေဆဲမှာပင် ရင်မောစရာဖြစ်ရပ်က ကျိုင်းစင်မြဲခဲ အမတ်ကိုမိတ္တာကို ရစ်ပတ်လာတော့သည်။ အကြောင်းက ကိုမိတ္တာကို မနာလိုသော ဒေါဏပုဏ္ဏား၏မတရားလွှင့်သော သတင်းစကားဖြစ်သည်။ သာယာဝတီမင်း၏နှမ စောမြနန္ဒာနှင့်အမတ်စစ်သူကြီး ကိုမိတ္တတို့ ဘာလိုလိုဟူသော တစ်ဆင့်ပွားသည့်တီးတိုးစကား ဖြစ်သည်။ တစ်ကယ်တော့ ပုဂံနေပြည်တော်တွင် နေကြစဉ်ကပင် စောမြနန္ဒာနှင့်ကိုမိတ္တတို့မှာ ရင်းနှီးပြီးသူများ ဖြစ်သည်။

သာယာဝတီမြို့တည်ချိန်တွင်မှ ရင်းနှီးကြသည် မဟုတ်ခဲ့။ ထီးရေးနန်းရေး၊ လူမှုရေး၊ ဘာသာရေးတို့ကို ကိုမိတ္တက စောမြနန္ဒာနှင့်ဆုံတိုင်း မိတ်ကောင်းပီပီ ရိုးသားသည့်စေတနာဖြင့် ဆွေးနွေးကြမြဲဖြစ်သည်။ ဤအခြေအနေကို အခွင့်ကောင်းယူ၍ ဒေါဏပုဏ္ဏားသည် မဟုတ်သတင်း လွှင့်ရုံသာမက ဘုရင့်ရှေ့နားတော် ပေါက်ကြားအောင် ဖန်တီးခဲ့သည်။

ebook is created by **www.ShanYoma.Org**

သာယာဝတီမင်းသည် ကြားတော်မူသောသတင်းကို ထောက်လှမ်းစုံစမ်းစေသည်။ မြို့နန်းတည်ဆောက်ဆဲလည်း ဖြစ်၊ ကိုမိတ္တသည် ငယ်ပေါင်းကြီးဖော် ကျွန်ယုံတော်လည်း ဖြစ်၊ ပညာရှိအမတ်စစ်သူကြီးလည်း ဖြစ်၊ နှမတော်၏ စိတ်သဘောထားကိုလည်း သိတော်မူပြီးဖြစ်သောကြောင့် ခပ်မဆိတ်နေတော်မူသည်။

သာယာဝတီမြို့နန်းတည်ချိန်တွင် ဥယျာဉ်တော်၌ နှမတော်စောမြနန္ဒာကို ပင်တိုင်နန်းဖြင့် စံမြန်းစေခဲ့သည်။ နှမတော်သည် စာပေဗဟုသုတနှင့်ပြည့်စုံ၍ ပညာကြီးသူဖြစ်သည်။ ဗုဒ္ဓဘာသာတရားတော်၌ ပျော်မွေ့သူဖြစ်သည်။ လောကီရေး၌ တတ်ကျွမ်းသည်။ ထို့ကြောင့် နှမတော်၏အပေါ်တွင် သံသယကင်းစွာ နေတော်မူခဲ့သည်။

သို့သော်လည်း သစ်ငုတ်ပင် နဲ့ဖန်များလျှင် နဲ့လာသကဲ့သို့ အထောက်တော်များ၏သတင်းစကားအရ နှမတော်နှင့် ကိုမိတ္တတို့အပေါ်၌ သာယာဝတီမင်းက သံသယမကင်း ဖြစ်လာသည်။

ဤအခြေကို အကဲခတ်၍ ဒေါဏပုဏ္ဏားသည် အတွင်းတော်သို့ဝင်၍ နှစ်ကိုယ်ချင်း လျှောက်ထားသည်။ ကိုမိတ္တ (အမိတ္တောဒန)စစ်သူကြီးသည် နှမတော်စောမြနန္ဒာနှင့်ရည်ငံ၍နေကြောင်း နန်းရပ်ထီးဖြူကို လက်ရုံးအားဖြင့် သိမ်းပိုက်လိမ့်မည်ဖြစ်ကြောင်း ယုံလောက်သောအထောက်အထားများနှင့်လျှောက်ထားသည်။

သတိုးနော်ရထာသည် ပုဏ္ဏားတော်၏စကားကို တတိယအကြိမ် စိတ်ဝင်စားသွားသည်။ ဒေါဏပုဏ္ဏားတော်သည် စောမြနန္ဒာ၏တပင်တိုင်နန်းသို့ စစ်သူကြီးအမိတ္တောဒနသည် အခါမပြတ် ဝင်ထွက်ကြောင်း တိုင်းရေးပြည်ရေး တိတ်တဆိတ် ဆွေးနွေးတိုင်ပင်ကြောင်း လျှောက်ထားသည်။ ဤအကြောင်းသတင်းကိုလည်း စောမြနန္ဒာနှင့်ကို မိတ္တတို့က သူတို့၏လူယုံတော်ထောက်လှမ်းရေးများထံမှ ကြားသိပြီး ဖြစ်သည်။

တစ်နေ့သော် ညီလာခံတွင် အမိတ္တောဒနသည် ညီလာခံအခစား အချိန်အနည်းငယ် နောက်ကျသွားသည်။ သာယာဝတီမင်းက စစ်သူကြီးမင်း အကြောင်းထူးများ ရှိသလော။ ဘယ်အကြောင်းကိစ္စတုန်းဟု မေးတော်မူရာ မြို့နန်းတည် စီမံခန့်ခွဲရေးတာဝန်ကြောင့်ပါဘုရားဟု လျှောက်ထားသော်လည်း ရွှေမျက်နှာတော် ညိုသွားသည်။ ပြီးတော့ ဒေါဏပုဏ္ဏားတော်ကြီး နန်းသိမ်းပွဲခံရန် အစီအစဉ်ကို တင်လျှောက်လောဟုစကားဆက်၍ မိန့်တော်မူနေသည်။ အမိတ္တောဒနသည် ဘုရင်၏အရိပ်အကဲကို တွေးသိလိုက်တော့သည်။

သို့ကြောင့်ပင် အမိတ္တောဒနသည် ညီလာခံစဲသောအခါ မိမိနေအိမ်သို့မပြန်တော့ပဲ တပ်မှူးတစ်ဦး၏မြင်းတစ်စီးကို ယူ၍ သာယာဝတီမြို့တော်မှ တိတ်တဆိတ် ထွက်လာခဲ့သည်။ ဘုရင့်တပ်မတော်များ လိုက်လံရှာဖွေသော်လည်း မတွေ့ကြပေ။ ဆယ်ရွာသို့ရောက်လာခဲ့သည်။ ရှမ်း၊ ကရင်တိုင်းရင်းသားများက အသက်ကယ်ဆယ်ထားသော ကြောင့် ဤရွာကို နောင်တွင် ဆယ်ရွာဟုတွင်သည်။ ထို့နောက် တိမ်မြှုပ်ကလေး၊ တိမ်မြှုပ်ကြီးစသော ဒေသရွာတို့ တွင် ဝင်ရောက်ခိုလှုံနေခဲ့သည်။ (အမိတ္တောဒနစစ်သူကြီး ပျောက်ကွယ်တိမ်မြှုပ်သွားသော တိမ်မြှုပ်ရွာတို့သည် ယခုတိုင် အုတ်ဖိုမြို့အရှေ့ဘက်တွင် ရှိပါသေးသည်။)

အမိတ္တောဒနသည် သာယာဝတီနေပြည်တော်မှ ပျောက်ကွယ်သွားရခြင်းသည် မိမိအတွက်ကြောင့်သာ ဖြစ်သည်ဟူ၍ယူဆသော စောမြနန္ဒာသည် ဥယျာဉ်တော်မှ လှည်းတစ်စီးဖြင့် တိတ်တဆိတ် ထွက်ခဲ့သည်။ ကိုမိတ္တကို ရှာဖွေရန် ဖြစ်သည်။ ကိုမိတ္တနှင့်တိမ်မြှုပ်ကြီးတွင် ဆုံကြသည်။ ပင်ကိုယ်ကပင် တစ်ဦးနှင့်တစ်ဦး သဘောရိုးဖြင့် သမုဒယ နွယ်ကြိုးရစ်ခဲ့ကြသော်လည်း ယခုအခါတွင် ဆင်းရဲနှင့်ကြုံကြသည့်အခါ ကရုဏာစိတ် သနားစိတ်တွေ ယိုဖိတ်ကြ သဖြင့် ဘဝခရီးသည်အဖြစ် တွဲဖက်၍ ပဲခူးရိုးမတောင်ခြေအတွင်းသို့ ခရီးနှင်ခဲ့ကြသည်။ ကျောက်ဖိုးကြီးအရပ် တွင် ရှမ်းအမျိုးသားများနှင့်ရောနှော၍ ဘဝကို ကျင်လည်ကြတော့သည်။

ebook is created by **www.ShanYoma.Org**

အမိတ္တောဒန(ကိုမိတ္တ)နှင့်စောမြနန္ဒာတို့တွင် သားရတနာတစ်ဦး ထွန်းကားလာသည်။ ခွန်အားဗလကြီးမားထွားကျိုင်း၍ ခြေတံလက်တံ ရှည်လျားသော လူငယ်ဖြစ်၍လည်းကောင်း၊ ခြေဖဝါးအရှည်မှာ တစ်တောင်နီးပါးမျှရှည်၍လည်းကောင်း၊ မောင်မဲခေါင်(မောင်မင်းခေါင်)ဟူသော အမည်ရှည်မှ ခြေရာတစ်တောင် ပုဒ်ကို ထည့်၍ "ခြေရာတစ်တောင် မောင်မဲခေါင်"ဟုခေါ်တွင်သည်။ ငါးစီးဆင်ပြောင်အားကို ဆောင်နိုင်သူတည်း။

ဖခင်ကိုမိတ္တသည် သားမောင်အား ဓားရေး၊ လှံရေး၊ လေးမြားအတတ်တို့ကို သင်ကြားပေးသည်။ အထူးသဖြင့် ဆင်စီးဆင်ကြော့အတတ်ကိုလည်း သင်ပေးသည်။ တောတွင်းသား လူစွမ်းကောင်းတစ်ယောက် ဖြစ်နေတော့သည်။ မောင်မဲခေါင်သည် ဆင်စီးအတတ်၌ ပို၍ကျွမ်းကျင်သည်။ မည်မျှဆိုးသောဆင်နှင့်ရင်ဆိုင်စေရပါမူ သူ့အတတ် သူ့ပညာဖြင့် ဆင်ကို ရအောင် ယူနိုင်သည်။ ဆင်ကစားနိုင်သည်။ တောတောင်အတွင်းမှာ ဆင်များဖြင့်သာ အချိန်ကုန်လျက် ပျော်ရွှင်စွာ နေတတ်သည်။ (မောင်မဲခေါင်သည် ဥတေနမော်အောင်သူ ဖြစ်သည်ဟုရှေးလူကြီးများက ဆိုကြသည်။ ဥတေနမင်းလုလင်သည် ဆင်တို့ကို ဂါထာမန္တန်ဖြင့်လည်းကောင်း၊ စောင်းသံဖြင့်လည်းကောင်း ဆင်များကို လိုသလိုခေါ်ယူနိုင် နှင်ထုတ်နိုင်သည်။ ကစားနိုင်သည်ဟုဆိုလိုသည်။)ဖခင်က စစ်သူကြီးဖြစ်သည့်အတိုင်း စစ်ရေးစစ်ရာကိုလည်း နားလည်ထားသည်။ မိခင်ထံမှ စာပေပညာတို့ကိုလည်း ဆည်းပူးထားသည်။ မောင်မဲခေါင်သည် တစ်နေ့တွင် ဘကြီးတော် သာယာဝတီမင်းနှင့်ရင်ဆိုင်ရမည်ကို မိဘများက ကြိုတင်သိထား၍ သားကို ပညာစုံအောင် သင်ကြားပေးထားသည်။

မောင်မဲခေါင် အရွယ်ရောက်၍ ပညာစုံချိန်တွင် သာယာဝတီနေပြည်တော်၌ အရေးတော်တစ်ရပ် ပေါ်လာသည်။ သာယာဝတီမင်း၏ဆင်ဖြူတော် လော်သျှိမ်း(လောန်သျှိမ်း)သည် ဆင်ကျုံးဆင်တဲနန်းမှ လွတ်ထွက်ပြေးသည့်ကိစ္စဖြစ်သည်။ အဘယ်ကျွမ်းကျင်သော ယရည်းဆင်ထိန်းကိုမှ ကောက်၍မရ၊ ကြော့၍မရ၊ ချော့၍မရ ဖြစ်နေ၏။ သာယာဝတီဆင်ဖြူရှင်သတိုးနော်ရထာသည် ဆင်ဖြူတော်လော်သျှိမ်းအတွက် ပူပန်ဆင်းရဲနေသဖြင့် ပညာရှင်တို့၏ အကြံပြုချက်အရ တိုင်းပြည်မြို့ရွာတွင်းသို့ ဆင်ဖြူတော်ဖမ်း၍ ပြန်ဆက်သနိုင်သူကို မောင်းကြော်စေခဲ့သည်။ မောင်မဲခေါင်သည် ဤသတင်းကို ကြားသိသောအခါ မိဘနှစ်ပါးအား ကြောင်းကျိုးပြ၍ ခွင့်ပန်သည်။ ကိုမိတ္တနှင့် စောမြနန္ဒာတို့ကလည်း သား၏စွမ်းရည်သတ္တိကို သိသဖြင့် ခွင့်ပေးသည်။

တောတွင်းသားမြိုင်ယံဖွား မောင်မဲခေါင်သည် ရွာဆော်၏အကူအညီဖြင့် မြို့တော်ဝန်ထံသို့ တင်ပြသည်။ မြို့တော်ဝန်၏အစီအရင်ဖြင့် ဆင်ဖြူတော်လော်သျှိမ်းရှာဖွေသည်။ မောင်မဲခေါင်သည် မိမိ၏ဆင်ဖမ်းဆင်ကြော့ပညာဖြင့် မုန်သောက်မာထင် ဆင်ဖြူတော် လော်သျှိမ်းကို ပေါင်းတည်နယ်မှ အမိဖမ်းကြော့၍ ခေါ်ဆောင်ခဲ့သည်။ ဆင်ဖြူတော်သည် ဘဝဟောင်းက အကြောင်းစုံဆည်းမှုကြောင့်လော၊ မောင်မဲခေါင်နှင့်ရင်းနှီးကျွမ်းဝင်သွားသည်။ မောင်မဲခေါင်သည် ဆင်ဖြူတော်ကြီးကို စီး၍ မြို့တွင်းသို့ ဝင်ရောက်လာရာ မြို့သူမြို့သား နန်းတွင်းသူနန်းတွင်းသားတို့သည် အုတ်အုတ်ကျက်ကျက် နှစ်ထောင်းအားရ ထွက်၍ ကြိုဆိုကြ၊ ဂုဏ်ပြုကြသည်။ သတိုးနော်ရထာဘုရင်ကိုယ်တော်တိုင် နန်းရင်ပြင်မှထွက်၍ ရှုစားဂုဏ်ပြုတော်မူသည်။ သာယာဝတီမင်း၏သမီးတော် စောမြမာလာသည်လည်း ပင်တိုင်နန်းတော် လေသာပြူတင်းမှ ရှုစားအားပေးချီးမြှင့်တော်မူသည်။ မောင်မဲခေါင်နှင့်ဆင်ဖြူတော် လော်သျှိမ်းတို့သည် ရွှေနန်းတော်ကို ဦးတိုက်ပြီးနောက် ဆင်ကျုံးဆင်နန်းသို့ ဝင်ကြသည်။

သာယာဝတီမင်းသည် ရွှင်လန်းဝမ်းသာလှလွန်းသဖြင့် ညီလာခံတွင် မောင်မဲခေါင်အား တပ်မှူးခန့်တော်မူသည်။ မောင်မဲခေါင်ဟုခေါ်သော်လည်း မဲမဲမှောင်မှောင် ကြောက်စရာရုပ်သွင်ကား မဟုတ်။ ယောကျ်ားတို့၌ရှိအပ်သော ထွားကျိုင်းမှုထက် လွန်ကဲသူ အရပ်ဒေါင်ကောင်းသူ လူရည်သန့်တစ်ဦးဖြစ်သည်။ ပျိုလွင်၍ ရဲရင့်တည်ကြည်သော ရူပကာယရှိသည်။ သာယာဝတီမင်းသည် မောင်မဲခေါင်အား ညီလာခံတွင် မြင်လျှင် မြင်ချင်း ရင်နှစ်သားပမာ ချစ်ခင်အားကိုးသည့်စိတ်တွေ ဖြစ်သွားသည်။ ထို့ပြင် ညာဘက်ပါးပြင်တွင် မှဲ့လေးတစ်လုံးရှိပြီး ပြုံးလိုက်လျှင် သာ

ယာဝတီမင်း မြင်ဖူးနေကျ မျက်နှာမျိုးဟုသိလိုက်သည်။ တစ်ကယ်တော့ မောင်မဲခေါင်ကို ယခုမှ မြင်ဖူးခြင်းဖြစ်သည်။ ဤမှဲ့လေးတစ်လုံးနှင့်မျက်နှာမျိုးရှိသူမှာ နှမတော်စောမြနန္ဒာဖြစ်သည်။ နှမတော် ပျောက်ကွယ်သွားသည်မှာလည်း နှစ်ပေါင်းကြာခဲ့ပြီ။ မောင်မဲခေါင်ကား နှမတော်၏သားတော်ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟုတွေးမြင်၍ တပ်မှူးမောင်မဲခေါင်ဟုမခေါ်စေဘဲ မောင်မင်းခေါင်ဟုမှတ်စေသည်။ ထို့ပြင် လက်သုံးတော်ပတ္တမြားကျောက်စီဓားကိုလည်း ပေးသနားတော်မူသည်။

မောင်မင်းခေါင်၏စွမ်းရည်သတ္တိကို သာယာဝတီမင်းနှင့်တကွ တစ်နန်းတော်လုံးက ချစ်ကြည်လေးစားကြသဖြင့် ပြည်တွင်းပြည်ပ ရန်တိုတိုကို ချိုးနှိမ်ရန် တာဝန်ပေးအပ်ခြင်း ခံရသည်။ ရာမညတိုင်းမှ ထိပါးလာမှု ပုဂံနရသီဟပတေ့တရုတ်စစ်သည်များ အောက်ပြည်တွင် စုန်ဆင်းထိပါးလာမှုတို့ကို မောင်မင်းခေါင်သည် စစ်ပရိယာယ်ကြွယ်ဝစွာဖြင့် အောင်မြင်ခဲ့သည်။ ထို့ကြောင့် သာယာဝတီနေပြည်တော်နှင့်မြို့ရွာကျေးလက်တို့သည် ငြိမ်းချမ်းသာယာစည်ကားလျက်ရှိသည်။ မောင်မဲခေါင်၏လက်ရုံးနှလုံး ဂုဏ်သတင်းကြောင့် ပင်တိုင်စံ စောမြမာလာကလည်း ရွှေဖလား၊ ငွေဖလား၊ ရွှေကျင်ခတ်ပုဝါ ရင်စည်းတန်၊ တန်ဆာတို့ကို လက်ဆောင်မွန်ပေးတော်မူသည်။ ပင်တိုင်နန်းသို့လည်း ဝင်ထွက်ခွင့်ရှိသည်။ လူစွမ်းကောင်းမောင်မဲခေါင်နှင့်စောမြမာလာတို့သည်လည်း နှုတ်ရေးပညာချင်း ဖလှယ်လေ့ရှိသည်။ မောင်မဲခေါင်၏ဂုဏ်သတင်းသည် သာယာဝတီတစ်နယ်လုံး ပျံ့နှံ့လျက် ရှိသည်။ ယခုတိုင်လည်း သတ္တိဂုဏ်သတင်း ရနံ့သင်းတုန်းပင်။

ဤတွင် ဖခင်၏နည်းတူ မောင်မဲခေါင်အတွက် မမျှော်လင့်သောဖြစ်ရပ်တစ်ကွက် ပေါ်လာခဲ့သည်။ ဒေါဏပုဏ္ဏားအို၏ပစ်မှတ်ပင် ဖြစ်သည်။ သာယာဝတီမင်း၏သမီးတော်နှင့်မောင်မင်းခေါင်တို့နီးစပ်မှုကို မနာလိုခြင်း ဖြစ်သည်၊ အကြောင်း ပုဏ္ဏားအို၌ သမီးတော်တစ်ယောက် ရှိသည်။ သမီးနှင့်မောင်မဲခေါင်တို့ နီးစပ်စေချင်သည်။ နည်းအမျိုးမျိုးဖြင့် ဖန်တီးသွေးဆောင်သော်လည်း မောင်မင်းခေါင်က မယိမ်းယိုင်ခဲ့၊ သို့ကြောင့် သာယာဝတီမင်းအား ခိုင်လုံသောအထောက်အထားတို့ဖြင့် မောင်မဲခေါင်၏စွမ်းဆောင်ချက်၌ ချွတ်ယွင်းချက်များကို တင်လျှောက်ကုန်းချောသည်။ သာယာဝတီမင်းက အကြောင်းသိမို့လားမသိ၊ သဘောထား မပြောင်းခဲ့သေး။

သို့သော် အမြော်အမြင်ကြီးသောမောင်မဲခေါင်သည် နန်းတွင်းမှ ဤသတင်းကို ကြားသိသောအခါ မြိုင်ယံသို့ပြန်ရန်ဆုံးဖြတ်လိုက်သည်။ မိမိလက်ရုံးနှလုံးရည်ကို မယုံကြည်၍မဟုတ်။ တောတွင်း၌ ကျန်ခဲ့သော မိအိုဖအိုတို့အရေးကို တွေးမိခြင်းကြောင့် ဖြစ်သည်။ တစ်ဖက်မှ ပင်တိုင်စံထိပ်ထား စောမြမာလာကိုတော့ အတွယ်အတာရှိပေမယ့်ထိုအချစ်ကြိုးခွေကို ဖြည်၍ထားခဲ့တော့မည်။ ထို့ကြောင့် တစ်ခုသောညတွင် မောင်မဲခေါင်သည် မြင်းစီး၍ အချစ်တည်းဟူသောဝေဒနာကို ရင်မှာပိုက်လျက် မြိုင်တိုက်သို့ပြန်ခဲ့သည်။ ကျောက်မိုးကြီးသေလာဂနိုင် မိဘများထံရောက်လာသည်။ မိဘများ၏နောက်ကြောင်း အဖြစ်ကြောင့်လည်းကောင်း၊ မိမိကြောင့် မိဘများ ဘေးအန္တရာယ်ဖြစ်မည်ကြောင့်လည်းကောင်း၊ မောင်မဲခေါင်သည် အဘကိုမိတ္တကို လက်ယာပုခုံးပေါ်၊ မိခင်စောမြနန္ဒာကို လက်ဝဲပုခုံးပေါ်တွင် ထမ်းလျက် ပဲခူးရိုးမတောင်တန်းကို ကျော်၍ သာယာဝတီနယ်မြေကို စွန့်ထွက်သွားလေသည်။

ကျိုင်းစင်မြခဲ သူရဲကောင်း ခြေရာတစ်တောင် မောင်မဲခေါင်ခေါ် မောင်မင်းခေါင်သည် ပဲခူးရိုးမအရှေ့ကျောက်တံခါးလိုဏ်ဂူတွင် သူတို့ဘဝဇာတ်လမ်းကို စခန်းသိမ်းခဲ့တကား။

သုံးဆယ်ထိဋ်ထွ်တင်မြင့်

မှတ်ချက်။ ။၁၉၈၇ ခုနှစ်၊ အမှတ်(၄၉၉)ထုတ် သွေးသောက်မဂ္ဂဇင်း စာမျက်နှာ(၅၀-၅၂)၌ လာရှိသောဆောင်းပါးကို ပြန်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။